# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

**July 22, 2024** Volume 80, Number 15

၂၂.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၀၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၅.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၄၃ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲဆိုင်ရာ ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကူမင်းမြို့သို့ထွက်ခွာ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန် ပြပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ (ဇူလိုင် ၂၁) မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကူမင်းမြို့သို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ပို့ကုန်/သွင်းကုန်ပြပွဲများကို "စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://myawady.net.mm/

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့




ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြ၍သိရသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၅၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ တစ်လ အတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၈၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

"ပြည်ပဈေးကွက်က ကွမ်းသီးအစိမ်းတွေ မှာယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြားတင်ပို့နေရခြင်း ဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့လိုအပ်တာပါ။ သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိကွမ်းသီး အစိမ်းအလုံး ၁၀၀ ကိုငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ အများအပြား တင်ပို့နေရတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်ကထွက်ရှိသည့် ကွမ်းသီးအစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်ကျရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ




မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။ ယခင်က ပြည်တွင်းဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များကို ကုန်သည်များက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာပြီး ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိလာကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်းအဝယ်လိုက်နေပြီး အရောင်းအဝယ် ကောင်းနေတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းကထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုအနည်းငယ်လောက်ပဲရှိတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။ မန္တလေးဈေးကွက်အတွင်း ဇူလိုင်လ ၁၈ ရက်ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လက်ရှိတွင် ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀,၀၀၀ ပေါက်ဈေး ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ညိုက ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၇၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လက်ရှိကွမ်းသီးခြောက်ပေါက်ဈေးက ကွမ်းသီးစိုက်တဲ့သူတွေနဲ့ သိုလှောင်တဲ့သူတွေပါ အဆင်ပြေနေပါတယ်။ ဇွန်လအတွင်းက ရန်ကုန်ဈေးကွက်ကို ကွမ်းသီးခြောက်ပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ကျိုက်လတ်မြို့နယ်က ထွက်ရှိတဲ့ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုနှစ် ကွမ်းသီးခြောက်က ပြည်တွင်းမှာကို လိုအပ်ချက်အရမ်းများနေပါတယ်။ ရန်ကုန်ဘက်ကလဲ နေ့စဉ်အမှာကုန်တွေရှိနေပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ညိုက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းများသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး အလုံးအတိုင်းနှင့် ကွမ်းသီးစိတ်များပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် သိုလှောင်ထားသူများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လပွတ္တာမြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအား များပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးအေး၏ ပြောပြချက်အရသိရသည်။

လပွတ္တာမြို့နယ်၌ ပင်လယ်ငါးကွမ်းရှပ် အချိုခြောက်နှင့်အငန်ခြောက် နှစ်မျိုးထုတ်လုပ်ရောင်းချပြီး ဇူလိုင်လပထမပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်ခဲ့ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးကွမ်းရှပ်ခြောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၀၀ မှ ၆၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

“ပင်လယ်ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဇူလိုင်လ ပထမပတ်လောက်ကတည်းက စတင်ပြီး အရောင်းအဝယ်ကောင်းမွန်တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ်” ဟု ဒေါ်အေးအေးကပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## တရုတ်ဝယ်လက်ကြောင့် ကျွဲချိုများဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေ




တရုတ်ဝယ်လက်များက ကျွဲချိုများကို ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိနေခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

အဆိုပါ ကျွဲချိုများကိုဝယ်ယူသူများက ကျွဲချိုအဖြူနှင့် ကျွဲချိုအမည်းဟူ၍ ခွဲခြား ဝယ်ယူထားပြီး ဝယ်ယူကြသူများအနေဖြင့် ပိဿာချိန်များလျှင်များသလို ရောင်းချမည့် ကျွဲချို၏ အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ ဈေးဖြတ်ပေးခြင်းများလည်း ရှိကြောင်း သိရပါတယ်။

လက်ရှိဈေးကွက်အတွင်း ကျွဲချိုတစ်ပိဿာကို သုံးသောင်းဝန်းကျင်ဈေးရှိကြောင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောပါတယ်။

အဆိုပါကျွဲချိုများကို လူသုံးကုန်ပစ္စည်းပြုလုပ်ရောင်းချသူများရှိသလို တိုင်းရင်းဆေးဖော်သူများလည်းရှိပြီး လက်ရှိတွင် ကျွဲချိုများကို လိုက်လံဝယ်ယူကြသူအများစုမှာ တရုတ်နိုင်ငံသို့ပြန်လည် ရောင်းချကြခြင်းဖြစ်တယ်လို့ ဝယ်ရောင်းပြုလုပ်နေသူများထံမှ သိရပါတယ်။

ယခင်ကတည်းကလည်း ပြည်တွင်းရှိ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကိုလည်း တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေခြင်းဖြစ်တယ်လို့ သိရပါတယ်။ ကျွဲချိုကို ဓားလက်ကိုင်များ၊ လေးခွများနှင့် တခြားလူ့အသုံးအဆောင်ပစ္စည်းများအဖြစ် အသုံးပြုသူများရှိသလို ဟိုတယ်များ၊ စားသောက်ဆိုင်များတွင်လည်း အလှဆင်ပစ္စည်းအဖြစ် ချိတ်ဆွဲကြလေ့ရှိသူများကြောင့် ပြည်တွင်းဈေးကွက်မှာလည်း ယခင်ကတည်းက အရောင်းအဝယ်ရှိခဲ့ပြီး လက်ရှိတွင်ပြည်ပဈေးကွက်ကပါ အဝယ်လိုက်နေခြင်း ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးတွင်လည်း ကျွဲချိုနှင့်ပြုလုပ်ထားသည့် ခေါင်းဖီးသည့်ဘီး၊ လည်ဆွဲ၊ ဇွန်း စသည်တို့အပြင် တခြားအသုံးအဆောင်ပစ္စည်းများစွာကိုလည်း ရောင်းချမှုများရှိကြောင်း သိရပါတယ်။

**Opinion Leaders မှ ကူးယူဖော်ပြအပ်ပါသည်။**

**https://htwettoe.com/download**

## မြဝတီမြို့တွင် ထိုင်းဘတ်ငွေဈေး စံချိန်တင် မြင့်တက်နေပြီး ထိုင်းနိုင်ငံထုတ်ကုန်များ ဈေးနှုန်း နှစ်ဆကျော်မြင့်တက်နေ

မြဝတီမြို့တွင် ထိုင်းဘတ်ငွေဈေး စံချိန်တင်မြင့်တက်နေပြီး ထိုင်းနိုင်ငံထုတ်ကုန်များ ဈေးနှုန်းနှစ်ဆကျော် မြင့်တက်နေကာ လမ်းခရီးအခက်အခဲကြောင့်လည်း နယ်စပ်ကုန်စည်စီးဆင်းမှု နှောင့်နှေးနေကြောင်း သိရသည်။

ထိုင်းငွေနှင့်ဝယ်ယူလျှင် အပြောင်းအလဲမရှိသော်လည်း မြန်မာကျပ်ငွေကို ဘတ်လဲပြီးမှသာ ဝယ်ယူရသည့်အတွက် ဈေးအပြောင်းအလဲရှိသည်ဟု ကုန်သည်တစ်ဦးကပြောကြားသည်။ မြဝတီနယ်စပ်မှတစ်ဆင့် ပြည်တွင်းဈေးကွက်သို့ စားသုံးဆီအမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ ဘိလပ်မြေနှင့်အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ စားသုံးကုန်အမျိုးမျိုး၊ လူသုံးကုန်အမျိုးမျိုး

တင်သွင်းလျက်ရှိပြီး ထိုင်းဘတ်ငွေဈေး မြင့်တက်ခြင်းကြောင့် ကုန်ဈေးနှုန်းမြင့်တက်နေပြီး လမ်းခရီးအခက်အခဲကြောင့်လည်း ကုန်သွယ်မှုနှောင့်နှေးနေသည်ဟု နယ်စပ်ကုန်သည်တစ်ဦးကဆိုသည်။

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ထိုင်းဘတ်ငွေနှင့်မြန်မာကျပ်ငွေ နှစ်မျိုးလုံးသုံးစွဲပြီး ရောင်းဝယ်ဖောက်ကားမှု ပြုနေကြသော်လည်း ထိုင်းကုန်ပစ္စည်းများအား ဘတ်ငွေနှင့်သာ ဝယ်ယူကြရသည်။

ထိုင်းဘတ်ငွေနှင့်ဝယ်ယူသော ထိုင်းကုန်ပစ္စည်းများကို မြဝတီမြို့တွင် ကျပ်ငွေနှင့်ပြန်လည်ရောင်းချရာတွင် ဘတ်ငွေဈေး အတက်အကျပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲလျက်ရှိသည်။

ဇူလိုင်လ ၂၁ ရက်တွင် ထိုင်းဘတ်ငွေဈေးမှာ ကျပ် ၁ သိန်းလျှင် ဘတ်ငွေ ၇၅၀ သာပေါက်ဈေးရှိသည့်အတွက် ယခင်နှစ်က ထက် ကျပ်(၁)သိန်းလျှင် ဘတ် ၁၀၀၀ ကျော် နှင့် ကွာဟသွားခဲ့သည်။

ယခင်နှစ်က ကျပ်တစ်သိန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို ယခုနှစ်တွင် ဘတ်ငွေနှင့်ဝယ်လျှင်အပြောင်းအလဲမရှိသော်လည်း မြန်မာငွေဖြင့်ဝယ်ယူလျှင် ယခင်နှစ်ကထက် ကျပ် ၁ သိန်းနီးပါ အလိုက်ပေးပြီးဝယ်ယူရသည်။

ပြန်ရောင်းလျှင်လည်း ယခင်နှစ်ကထက် ဈေးများစွာမြင့်တက်လာသည့်အတွက် စားသုံးမှုဈေးကွက်ကို များစွာထိခိုက်လျက်ရှိသည်ဟုဆိုသည်။ စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများမှာ ယခင်နှစ်ကထက် သိသိသာသာ ဈေးမြင့်တက်လျက်ရှိသည်။

**Source:** https://news-eleven.com/

## ပြည်တွင်း ငါးဈေးကွက်မရှိသည့်အတွက် ထိုင်းနိုင်ငံတွင် ဝယ်သူစိတ်ကြိုက်ဈေးကွက်ဖြစ်နေပြီး မြန်မာနိုင်ငံမှ ရေလုပ်ငန်းရှင်များ နစ်စဉ်အခက်အခဲဖြစ်ပေါ်

ပြည်တွင်း ငါးဈေးကွက်မရှိသည့်အတွက် ထိုင်းနိုင်ငံတွင် ဝယ်သူစိတ်ကြိုက် ဈေးကွက်ဖြစ်နေပြီး မြန်မာနိုင်ငံမှ ရေလုပ်ငန်းရှင်များ နစ်စဉ်အခက်အခဲဖြစ်ပေါ်နေကြောင်း ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းနှင့်ဆက်စပ်သူများက ပြောကြားခဲ့သည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာသီရောက်ရှိပြီဖြစ်သော်လည်း ငါးဈေးကွက်တွင် ဈေးနှုန်းအရနည်းခြင်း၊ အထွက်စရိတ် ကြီးမြင့်ခြင်းများကြောင့် လုပ်ငန်းရှင်များ အခက်အခဲဖြစ်ပေါ်နေကြောင်း၊ ငါးဈေးကွက်တွင် ဝယ်သူစိတ်ကြိုက်ဖြစ်နေပြီး ရွေးချယ်စရာမရှိသည့်အတွက် ငါးဖမ်းလှေများနှင့် ငါသယ်လှေများမှာ နစ်စဉ်နစ်တိုင်းနီးပါး အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

"ထိုင်းက Buyer Market ဖြစ်နေတာရယ်၊ ဒီဘက်မှာ ဥပဒေစည်းမျဉ်းက လျော့ရဲနေတာလို့ပြောရမှာပေါ့၊ ဒီအခြေအနေကို ထိုင်းနိုင်ငံကသိနေတယ်။ အမှန်ဆိုရင် အိမ်နီးချင်းကောင်းပီသစွာရော၊ ကျွန်မတို့မြန်မာ့ရေပြင်မှာ နှစ်ကာလကြာရှည်စွာ အကျိုးမြတ်ယူနေတဲ့ကိစ္စကိုကြည့်ပြီး မျှမျှတတလုပ်ပေးရမှာပါ၊ အရင်တုန်းက A Grade ရှိတဲ့ပုစွန် တစ်ကီလိုကို ဒေါ်လာ ၃၀ ရှိခဲ့တယ်ဆိုရင် အခုဈေးနှုန်းမတက်ပေးတဲ့အပြင် ပြန်ပြီး ဆွဲချနေပါတယ်၊ အဲဒီတော့ ထိုင်းဘက်က အကျိုးအမြတ်ပိုရပြီး ကျွန်မတို့နိုင်ငံက ရေလုပ်ငန်းရှင်တွေ ပိုပြီးအကျိုးအမြတ် နည်းသွားပါတယ်" ဟု မြန်မာအပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမှ MD ဒေါ်ငွေငွေဝင်းက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် ငါးဈေးကွက်ဖော်ဆောင်နိုင်သည့် အပြည်ပြည်ဆိုင်ရာ အဆင့်မီ ငါးလေလံဈေး ရှိနေသော်လည်း ယခင်အဆက်ဆက် မျက်ကွယ်ပြုနေခဲ့သည့်အတွက် ငါးဈေးကွက်မှာ ထိုင်းနိုင်ငံ၏ ချုပ်ကိုင်မှုအောက်တွင် ရောက်ရှိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အခု ငါးဖမ်းရာသီမှာ ပင်လယ်ပြင်ကိုထွက်တယ်၊ ၁၀ ရက်လောက် ငါးဖမ်းရင် ဂါလတ်ပီပါပုံးနှင့် ၃၀၊ ၄၀ အထိပဲ ရနိုင်တယ်၊ တစ်ပုံးကို ထိုင်းဘတ်ငွေ ၂၀၀၀ (မြန်မာငွေ ၂ သိန်းကျော်) ရတယ်၊ ပေးထားတဲ့ ငါးဖမ်းဆီးခွင့်က ရက် ၆၀ ရှိတယ်၊ အဲဒီတော့ ပုံးပေါင်း ၂၄၀ ရမယ်၊ ငါးပုစွန်ရောင်းရငွေက သိန်း ၅၀၀ တောင်မရဘူး၊ လှေတစ်စင်း အထွက်စရိတ်က သိန်းတစ်ထောင်ရှိနေတယ်၊ ငါးအမျိုးအစားတစ်ခုချင်းကို ခွဲရောင်းရင် ဒီထက်ဈေးပိုရမှန်းသိတယ်၊ ဒါပေမဲ့ တံတားပေါ် တင်ရောင်းဖို့ ငါးဈေးကွက်မရှိဘူး။ ငါးဈေးကွက်က ထိုင်းမှာပဲရှိတယ်၊ အဲဒီတော့ ရတဲ့ဈေးနှင့်ပဲ ထိုးရောင်းရမယ်၊ ဈေးမကိုက်လို့

ပြန်သယ်လာရင်လည်း လေ့စရိတ်၊ အလုပ်သမားစရိတ်ကုန်မယ်၊ ပြီးတော့ ဘယ်မှာသွားရောင်းရမလဲ၊ အခုအနေထားက အရင်းရတဲ့လေ့က အထူးအဆန်းလိုဖြစ်နေပြီး ရှုံးနေတာကပုံမှန်ပဲ၊ ဘာကြောင့်လုပ်နေသလဲဆိုရင် ရေလုပ်သားတွေ အလုပ်လက်မဲ့ဖြစ်သွားမယ်၊ ငါးဖမ်းလေ့တွေကို ဒီအတိုင်းပစ်ထားရင် ဆွေးမြည့်သွားမယ်၊ တစ်ခါတလေများ အကျိုးအမြတ် ရမလားဆိုတဲ့ မျှော်လင့်ချက်နှင့်လုပ်နေတယ်လို့ပြောရမယ်” ဟု မြိတ်မြို့မှ ငါးဖမ်းလေ့လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ငါးဖမ်းလေ့များမှ ရရှိသည့်ငါးပုစွန်များကို ငါးသယ်လေ့ (လိုင်းဖြူ) များဖြင့် ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ သွားရောက် ရောင်းချနေပြီး ထိုင်းတွင် ကြီးမားသည့် ငါးဈေးကွက်ကြီးတစ်ခုဖြစ်နေသည်မှာ ဆယ်စုနှစ်သုံးခု ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ “ဒီအချိန်မှာ ကိုယ့်ပြည်တွင်းမှာရှိနေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မထွက်သွားဖို့က အရေးကြီးပါတယ်။ ကျွန်မတို့ဆိုရင် ဘယ်လိုအခက်အခဲတွေဖြစ်ခဲ့ပါစေ လုံးဝမထွက်သွားခဲ့ဘူး၊ ခေတ်အဆက်ဆက် အထက်လူကြီးတွေကို တစ်စိုက်မတ်မတ် တင်ပြခဲ့တယ်၊ ဒါပေမဲ့လစ်လျူရှုပြီးနေခဲ့ကြတယ်။ အဲဒီတော့ ကိုယ့်ရေပြင်မှာ ဖမ်းတဲ့ငါးဈေးကွက် ကိုယ့်နိုင်ငံမှာမရှိဘဲ တခြားနိုင်ငံမှာ ရောက်နေတာပါပဲ။ ဒီမှာရှိတဲ့လုပ်ငန်းရှင်တွေ စည်းလုံးစွာနှင့် ငါးဈေးကွက်တစ်ခုကို အမှန်တကယ် ဖော်ဆောင်နိုင်ဖို့ ဆန္ဒရှိရင် တကယ်ဖြစ်ပါတယ်” ဟု ဒေါ် ဌေးဌေးဝင်းက ပြောကြားသည်။

**Source:** https://news-eleven.com/

## ဗီယက်နမ်နိုင်ငံ၏ ဂျရတ်ကောင်းတင်ပို့မှုတန်ဖိုး ၃၀ ရာခိုင်နှုန်းမြင့်တက်

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် ကန်ဒေါ်လာ ၆၃၄ ဒသမ ၂ သန်းတန်ဖိုးရှိသော ငရုတ်ကောင်း ၁၄၂,၅၈၆ တန်တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တန်ဖိုး ၃၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ထိုသို့ တန်ဖိုးမြင့်တက်လာသော်လည်း တင်ပို့မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗီယက်နမ် ငရုတ်ကောင်းနှင့်ဟင်းခတ်လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်မှ သိရသည်။

အမေရိကန်သည် ဗီယက်နမ်ဟင်းခတ်အမွှေးအကြိုင် ၃၇,၄၃၅ တန်ဖြင့် တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု၏ ၂၆ ဒသမ ၃ ရာခိုင်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် ၄၄ ဒသမ ၆ ရာခိုင်နှုန်း သို့မြင့်တက်လာခဲ့သည်။ ပို့ကုန်တန်ဖိုးများသည် ဂျာမနီနိုင်ငံဈေးကွက်သို့ ၁၀၆ ဒသမ ၇ ရာခိုင်နှုန်း၊ နယ်သာလန်ဈေးကွက်သို့ ၅၂ ဒသမ ၁ ရာခိုင်နှုန်း၊ အိန္ဒိယဈေးကွက်သို့ ၄၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ယူအေအီးဈေးကွက်သို့ ၁၅ ဒသမ ၂ ရာခိုင်နှုန်း စသည်ဖြင့် အသီးသီးအရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ ပြီးခဲ့သည့်ခြောက်လအတွင်း ငရုတ်ကောင်းဈေးနှုန်းများ ဆက်တိုက်မြင့်တက်မှု အခြေအနေများကြောင့် ပျမ်းမျှပို့ကုန် ဈေးနှုန်းများသည် ယခင်နှစ်၏ အလားတူကာလထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မြင့်တက်ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ခဲ့ကြသည်။ ငရုတ်ကောင်းအဖြူအနက် ပျမ်းမျှတင်ပို့မှုဈေးနှုန်းမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄၃၀၀ နှင့် ကန်ဒေါ်လာ ၆၀၀၀ ကျော်ရှိသည်။ ဘရာဇီး၊ ကမ္ဘောဒီးယားနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံမှ ငရုတ်ကောင်း အများဆုံးတင်သွင်းနေသော နိုင်ငံများဖြစ်သည်။

**Source: Vnexpress**

https://www.doca.gov.mm

# STOCK EXCHANGE (22.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Jul. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,641 (Shares) | 19,136,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,800 | 9,000 | 8,800 | 173 | 1,551,500 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 113 | 389,850 | 38,929,150 | 134,306 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 2,138 | 3,529,600 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 390 | 1,055,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 769 | 1,268,850 | 19,977,223 | 32,962 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 3,750 | +100 | +2.74% | 3,650 | 3,750 | 3,650 | 3,058 | 11,341,200 | 23,804,946 | 89,269 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.26 | +0.73 | +0.18% | 406.70 | 412.26 | 406.70 | 6,641 | 19,136,000 | 8 | 777,595 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 6,641 (Shares) | 19,136,000 (MMK) |

### Main Board

As of 1:00 pm, 18th Jul. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,641 (Shares) | 19,136,000 (MMK) |

| MYANPIX | 412.26 ▲ 0.73 |
|---|---|
| Total Volume (shares) | 6,641 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,595 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 3,750 | ▲ 100 |